

မိုးကျော
ကန္တာရစစ်နှင့်ကန္တာရအချစ်

၁၉၈၈ ပတ်ဝန်းကျင်ကဟု ထင်သည် ။ ဇန်နဝါရီလ တစ်နေ့တွင် ဆရာယောနတွင် ဘိုးထောင်နှင့် လူငယ်တစ်ဦး အိမ်ကိုရောက်လာကြသည် ။ ခါတိုင်းလိုပင် အလည်သက်သက်ဟု ထင်သဖြင့် သာကြောင်းမာကြောင်း၊ ဟိုအကြောင်း ဒီအကြောင်း စကားမပြတ် ဖြစ်နေကြချိန် ဆရာယောနက ဘိုးထောင်က စာပေဟောပြောပွဲ လာဖိတ်သည် ဟု ပြော၏။

ထိုကာလက စာရေးဆရာတွေမှာ မိမိအိမ်၌ တစ်ပတ်ပြည့်အောင်မနေကြရရာ "ဘယ်မှာ လဲ၊ ဘယ်တော့လဲ"ဟု မေးရာ "ချင်းပြည်နယ် မင်းတပ်၊ ကန်ပက်လက် နှစ်ပွဲ"ဟု ပြော၏။

မိမိ ဘဝတက္ကသိုလ်မှာ တုန်းက ချင်းအမျိုးသား အတော်များများ နှင့် ရင်းနှီးခင်မင်ဖူးသည် ။ မရောက်ဘူးသေးသော ချင်းပြည်နယ်ကို လိုက်တော့လိုက်ချင်သည် ။ ထို့ကြောင့် မိမိကို ဖိတ်ကြားထားသော ပွဲရက်များကို ကြည့်၏။ ပွဲရက်တွေတော့ လွတ်နေ၏။ သို့သော် ခရီးစဉ်ကိုမေးကြည့်ရာ လမ်းခရီးကြောင်း အင်တင်တင်ဖြစ်နေစဉ် ယောနကကြီးက ဘာထင်သည် မသိ၊ မိမိမျက်နှာကိုကြည့်ပြီး -

"ဆရာသိပါတယ်။ ဆရာမမမိုးမြေရယ်၊ တက္ကသိုလ်က ဆရာမဒေါ်ချောချောရယ်၊ ဆရာ နွမ်ဂျာသိုင်းရယ်ပါ။ ဖြစ်ပါတယ်နော်"

ဟု အတူသွားကြရမည့် ဆရာ၊ ဆရာမတွေ အမည်ကိုပြောသည် ။

"ကျွန်တော်က ဘယ်သူနဲ့ မဆိုဖြစ်ပါတယ်။ ပြဿနာမရှိပါဘူး။ ခရီး

ကနည်းနည်းဝေးတော့"

"ခရီးဝေးပေမယ့် ပွဲဆက် မရှိရင် လိုက်ခဲ့ပါ ဆရာရယ်၊ ဆရာက မုဆိုးအကြောင်းတွေရေးတတ်တော့ ကျွန်တော်တို့ ဆီမှာ မုဆိုးတွေအများကြီးရှိတယ်၊ ဆရာ့ကို မုဆိုးတွေနဲ့ တွေ့ပေးပါ့မယ်။ ခရီးဝေးတော့ အပျော်ခရီးထွက်တဲ့ သဘောမျိုး အေးအေးဆေးဆေးပါ။ ဆရာတို့ အားတဲ့ အချိန် ရက်ကြာကြာ နေချင်ရင်လည်း ရပါတယ်။ လေ့လာရေးသဘောပေါ့ ဆရာ"

ကျွန်တော့် စကားအဆုံးမှာ မင်းတပ်မြို့က တက္ကသိုလ်လာတတ်နေသော ကျောင်းသား မောင်တန်အောင်က ဝင်ပြောသည် ။

အမှန်က မိမိသည် မုဆိုးတွေ အကြောင်းချည်း(တစ်လိုင်းတည်း)ရေးသူမဟုတ်။ မိမိကိုယ်တိုင်ကလည်း ကြက်တစ်ကောင်၊ ကြောင်တစ်မြီးကိုပင် ပစ်ဖူးသူမဟုတ်။ သို့သော် ကြုံခဲ့တွေ့ခဲ့သော မုဆိုးတွေအကြောင်း ၊ မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ တော၊ တောင်၊ ရေမြေ၊ ပင်လယ်သမုဒ္ဒရာတို့ ၏ သဘာဝများ နှင့် တောတိရစ္ဆာန်တို့ ၏ ထူးထူးခြားခြား အကြောင်းအရာများကိုသာ စိတ်ဝင်တစား ရေးသားဖူးသည် ။ ဤသည်ကိုပင် မုဆိုးစာရေးဆရာဟု ထင်နေပုံရသည် ။ ထို့ကြောင့် မောင်တန်အောင်၏ စကားကို မိမိပြုံးမိသည် ။

ဒီလိုနှင့် စာပေဟောပြောပွဲ လိုက်ဖြစ်သွားသည် ။

******

ရန်ကုန်ဘူတာကြီးကနေ မြင်းခြံ ရထားကိုစီးပြီး တအိအိနှင့် နောက်

တစ်နေ့ မနက်(၁၁)နာရီလောက်မှ မြင်းခြံကို ရောက်သွားသည် ။ ပခုက္ကူ ဆိပ်ကို မြင်းလှည်းနှင့် ဆင်းရတော့ ဖုန်မှုန့်တွေ မြင်းလှည်းထဲ အလုံးလိုက်ဝင်လာ၏။ ထိုအခါ နွမ်ဂျာသိုင်းက မောင်တန်အောင်ကို "ယုံမိတာတွေ၊ ယုံမိတာတွေဟူသော ချင်းဖဝေးဇာတ်က စိန်အောင်မင်း အဟဲနှင့် တစ်လမ်းလုံး နောက်လာသည် ။ မောင်တန်အောင်က နွမ်ဂျာကို ဘယ်လိုပြောပြီး ခေါ်လာသည် မသိ။

ပခုက္ကူကိုရောက်တော့ မောင်တန်အောင်နှင့် ဦးဘိုကြည်တို့ အစီအစဉ်ဖြင့် အားလုံးအဆင်ပြေသည် ။ ပုံတောင်ပုံညာနှင့် ယာချောင်းကိုဖြတ်ပြီး ဆောကိုရောက်သည် ။ ဆရာကိုဘိုးထောင်၏ အမေကြီးကို ခေတ္တ ဂါရဝ ဝင်ပြုကြပြီး ကျောက်ထုမှ သည် မင်းတပ်ကို ည (၁၀)နာရီကျော်မှ ရောက်သည် ။

မိမိကောင်းစွာ မမှတ်မိတော့။ မင်းတပ်မှာ လား၊ ကန်ပက်လက်မှာ လား။ ထိုခေတ်က ကောင်စီလူကြီးမှ တစ်ဆင့် ကျွန်တော့်ကို စာမူတစ်ခု လူတစ်ယောက်လာပေးသွားသည် ဟု ပြောပြီးပေးသည် ။ စာမူကို အကြမ်းဖတ်ကြည့်တော့ ပထမ ကမ္ဘာစစ်က အင်္ဂလိပ်စစ်တပ်နှင့် သူပါသွားခဲ့ရကြောင်း ရေးထားသည် ။ စာမူလာပေးသူကိုလည်း ကိုယ်တိုင် မတွေ့လိုက်ရ၊ မှတ်တမ်းရေးခဲ့သူမှာ သူ့အဘိုးလား၊ သူ့အဖေလား ဆိုတာလည်း မသိ။ ထိုစဉ်က မိမိလည်း ထိုအကြောင်းကို ရေးရန် စိတ်ကူးမရှိ။

ယခု နှစ်ကြာတော့မှ မိမိအမျိုးသမီး၏ အဘိုးလည်း ပထမကမ္ဘာစစ်တွင် မက်ဆိုပိုတေးမီးယားကို သွားခဲ့ရသည့် အကြောင်း ယောက္ခမဖြစ်သူကပြောပြမှ စိတ်ဝင်စား လာပြီး ဤ"ကန္တာရစစ်နှင့် ကန္တာရအချစ်"ကို ရေးရခြင်းဖြစ်သည် ။

**စာရေးသူ**

*****

# ကန္တာရစစ်နှင့် ကန္တာရအချစ်

တောင်ပေါ်က ချင်းကလေး ပင်လယ်ထဲရောက်တော့ အန်တော့သည် ။ လှိုင်းလုံးကြီးတွေကလည်း သင်္ဘောကြီးကို ထမ်းထမ်းတင်သွားသည် မှာ ဝါးတစ်ရိုက်၊ နှစ်ရိုက်ခန့်ထိ ဆွဲတင်သွားသည် ဟု ထင်ရသည် ။

သင်္ဘောကြီးကို လှိုင်းလုံးကြီးတွေက ထမ်းတင်သွားချိန်မှာ များ စွာ အနေမခက်လှသော်လည်း လှိုင်းလုံးကြီးပေါ်က သင်္ဘောကြီးပြန်အကျမှာ တော့ အူထဲ၊ အသည်းထဲကပင် လှိုက်တက်လာပြီး ဝေါခနဲ ဝေါခနဲ ထိုးအန်တော့သည် ။ ရဲဘော်၏ အနား၌ အစိမ်း၊ အပြာ၊ အဝါ အန်ဖက်တွေက ပြန့်ကျဲနေကြသည် ။

ဒီအတိုင်းသာဆိုလျှင်တော့ စစ်မြေပြင် မရောက်ခင် အသက်ထွက်သွားလိမ့်မလား ထင်ရသည် ။ ဗိုက်ထဲ အစာကုန်သွား၏။ သို့သော် အအန်က မရပ်သေး။ ရေတွေအန်ပြန်တော့၏။ သင်္ဘောပေါ်တွင် တစ်ညအတွင်း လူက ပျော့ခွေသွားသည် ။

ကုလားနှစ်ယောက်က မကျေမနပ်နှင့် သန့်ရှင်းရေး လာလုပ်ပေးကြ၏။ ဗာလီပုံးထဲကရေကို လက်ခုပ်နှင့် ခပ်ပြီး သူ့ဇက်ပိုးကို ခပ်ပြင်းပြင်း လာရိုက်သွားသည် ။ သူတို့ ယူနီဖောင်းကို မြင်ရခြင်းဖြင့် ဤသင်္ဘောက သင်္ဘောသားတွေမှန်း သိသာသည် ။

"ကြာယုံ၊ ကာလကတ္တားကို ဘယ်တော့ရောက်မှာ လဲ။ ဒီအတိုင်းဆို

ရင် ဒီသဘော်ပေါ်မှာ ငါသေလိမ့်မယ်"

အနားတွင် လှိုင်းမူး၍ ခေါင်းငုံ့ ခါးချိုးထိုင်နေသော မြစ်ဝကျွန်းပေါ် သားကြာယုံကို မေးမိသည် ။ သူကတော့ သူ့လို မအန်၊ သို့သော် သူလည်း ပင်လယ် လှိုင်းမူးနေ၏။

"သဘော်ကြီး ဆိပ်ကမ်းကပ်တော့ ရောက်မှာ ပေ့ါကွာ"

ကြာယုံ မပြောချင်ပြောချင်နှင့် ညှို့မျှသာပြောသည် ။

"ဒါကတော့ မင်းပြောမှ လားကွ"

ရဲဘော်က ဘုတောလိုက်၏။

"ချင်းသွေးက တို့ ကရင်သွေးထက် ရဲတယ်ဆိုကွ။ မင်းကစစ်တိုက်ချ င်လို့ လိုက်လာတာဆို။ ခု စစ်မြေပြင်တောင် မရောက်သေးဘူး။ သဘော် ပေါ် သေသွားရင်တော့ မင်းကို ဘုရားသခင်က တောင်ပေါ်ကန်ပက်လ က်ကို ပြန်ပို့မှာ မဟုတ်ဘူး နော် ရဲဘော်"

သူက ကန်ပက်လက်က ချင်းအမျိုးသား၊ ကြာယုံက ဧရာဝတီတိုင်း ဒေသကြီး မြစ်ဝကျွန်းပေါ်သား ကရင်။

သူတို့ နှစ်ယောက်အား နေမဝင်အင်ပါယာကို ပိုင်သ,ထားသော ဗြိ တိသျှအင်္ဂလိပ်တွေက ပထမကမ္ဘာစစ်ကြီးတွင် စစ်တိုက်ဖို့ ဗမာပြည်(မြ န်မာပြည်)က ခေါ်လာသည် ။ အမှန်ကတော့ သူတို့ နှစ်ယောက်သာမဟု တ်၊ မြန်မာပြည်ကဗမာများ နှင့် တိုင်းရင်းသားမျိုးစုံတို့ ကို စစ်တိုက်ခိုင်း ရန် သဘော်ကြီးနှင့် တင်၍ အိန္ဒိယကို ခေါ်လာခြင်း ဖြစ်၏။

အချိန်ကာလမှာ ၁၉၁၄ ခု နှစ်ဦးကာလဖြစ်သည် ။

ထိုအချိန်က (၁၈)ရာစုမှ စ၍ တိုးတက်ခဲ့သော

အရင်းရှင်နိုင်ငံကြီးများက တစ်ဖက်၊ (၁၉)ရာစု ကုန်ခါနီးမှ အရှိန်ရစပြု လာသော အရင်းရှင်နိုင်ငံသစ်များက တစ်ဖက် ကမ္ဘာ့စီးပွားရေး စားကျက်တွင် တစ်ဦးနှင့် တစ်ဦး မာန်စောင်နေကြသည် ။

အခြားသူများ ထက် တစ်ခေတ်စော၍ တိုးတက်ခဲ့ခြင်းဖြစ်သော အရင်းရှင်နိုင်ငံကြီးများမှာ မိမိတို့ ၏ ကိုလိုနီပိုင်နက်များ နှင့် ကမ္ဘာ့ဈေးကွက်များကို အခိုင်အမာ ကာကွယ်နိုင်ရေး၊ မိမိတို့ ၏ အကျိုးစီးပွားကို ထိန်းသိမ်းရေးအတွက် စစ်ပွဲကို ရင်ဆိုင်နိုင်ရန် လက်နက်စွဲကိုင်ထားကြလေပြီ။

တစ်ဖက်မှာ လည်း တိုးတက်မှု အရှိန်ရလာသော အရင်းရှင်နိုင်ငံများ အနေနှင့် ကမ္ဘာ့ဝေစုတွင် အရနည်းသူများ ပီပီ ရသမျှကို မရောင့်ရဲ မတမ်းတိမ်နိုင်ဘဲ လောဘဇောဖက်ကာ မကျေမချမ်း ဖြစ်နေကြ၏။

သူတို့ သည် နိုင်ငံသားတို့ ၏ အမျိုးသားစိတ်ဓာတ်များကို အစွမ်းကုန်နှိုးဆွပြီး နိုင်ငံ၏ ခနအင်အားနှင့် စစ်စွမ်းရည်ကိုပေါင်းစပ်ကာ လက်နက်ကိုင် အရင်းရှင်နိုင်ငံများကို အန်တုဖက်ပြိုင်ရန် အသင့်ရှိနေကြသည် ။

ဤသို့ ပထမကမ္ဘာစစ်ကြီးသည် တစ်နေ့တခြား နီးကပ်လာနေ၏။ ကမ္ဘာစစ်ကြီးကို ဖြစ်ပွားစေမည့် အကြောင်းတစ်ခု အနေနှင့် လည်း လောဘမီး၊ ဒေါသမီးတွေ တဟုန်းဟုန်းတောက်လောင်၍ လာနေလေ၏။ ထို့ကြောင့် လည်း ဥရောပနိုင်ငံတို့ ၏ အခြေအနေမှာ ပေါက်ကွဲလုဆဲဆဲ ဗုံးတစ်လုံးနှင့် တူနေသည် ။ တစ်စုံတစ်ခုသော အကြောင်းကြောင့် စနက်တံကို မီးကူညှိပြီဆိုလျှင် ချက်ချင်း ပေါက်ကွဲတော့မည် ဖြစ်၏။

ထိုအခြေအနေရှိစဉ် မီးပွားကလေးတစ်ခု ပေါ်ပေါက်လာတော့သည်

။ ထိုမီးပွားလေးကား အခြားမဟုတ်ချေ။

ဩစတြေးလျပြည် အိမ်ရှေ့စံအာခ်ဂျူ ဖရန့်ဇ် ဖာဒီနန့်မင်းသားသည် ဘော့စနီးယားပြည် ဆာရာယေဗိုမြို့တော်သို့ အလည်အပတ်သွား၏။ ထိုအိမ်ရှေ့စံမင်းသားအား ဆာဗီးယား လျှို့ဝှက်အကြမ်းဖက်ဂိုဏ်း၏ ကျောင်းသားတစ်ဦးဖြစ်သူ ဂါဗနီလိုပရင်စစ်က လုပ်ကြံသတ်ဖြတ် လိုက်လေသည် ။

ထို့နေ့မှာ ၁၉၁၄ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့ ဖြစ်၏။

ဤတွင် ဩစတြီးယား ဆာဗီးယားအား ဇူလိုင်လ (၂၃)ရက်နေ့တွင် ပြင်းထန်သော ရာဇသံတစ်ရပ်ပေးပို့ကာ (၄၈)နာရီအတွင်း အကြောင်းပြန်ကြားရန် အပူတပြင်း တောင်းဆိုလိုက်၏။ ဆာဗီးယားက ရာဇသံကို လက်ခံတုံ့ပြန်သော်လည်း အချက်အလက် အားလုံးကိုမူ လက်မခံချေ။

ဤသည် ပင်လျှင် ပထမကမ္ဘာစစ်ကြီးကို စတင်ဖြစ်ပွားစေခဲ့သော မီးပွားကလေးတစ်ခု (သို့မဟုတ်) အမှိုက်ကစ၍ ပြဿဒ်ကိုမီးလောင်စေခြင်း ဖြစ်လေသည် ။

ထိုအချိန်က ‘ဗဟိုလက်နက်နိုင်ငံများ ’ဟု ခေါ်သော ဂျာမနီ,ဩစတြေးလျနှင့် အီတလီတို့ က တစ်ဖက်၊ မဟာမိတ် နိုင်ငံများ ဖြစ်ကြသော ဆားဗီးယား၊ ရုရှား၊ ပြင်သစ်၊ ဗြိတိသျှ၊ ဘယ်လ်ဂျီယံတို့ က တစ်ဖက် စသည် ဖြင့် နှစ်ဖက်၊ နှစ်အုပ်စု ရှိနေကြသည် ။

ဩစတြေးလျနှင့် ရုရှားတို့ သည် မမတို့ ၏ စစ်တပ်များကို ပြင်ဆင်စုရုံးကြတော့၏။ သို့နှင့် ဇူလိုင်လ(၂၈)ရက်နေ့တွင် ဩစတြီးယားက ဆာဗီးယားကို စစ်ကြေညာလေသည် ။ ဩဂုတ်လ (၁)ရက်နေ့တွင် ဂျာမနီက ပြင်သစ်ကိုလည်း ထပ်မံစစ်ကြေညာပြန်၏။ ဩဂုတ်လ(၃)ရက်နေ့တွင်

ဂျာမနီက ပြင်သစ်ကိုလည်း ထပ်မံစစ်ကြေညာပြန်၏။ ဂျာမန်စစ်တပ်များ ဘယ်လ်ဂျီယန်ပြည်သို့ ချဉ်းနင်းဝင်ရောက်လာသော ဩဂုတ်လ (၄)ရက်နေ့တွင် ဘယ်လ်ဂျီယန်၏ မဟာမိတ်ဖြစ်သော အင်္ဂလန်ပြည်က ဂျာမနီကို စစ်ကြေညာ လိုက်လေသည် ။

ဤသို့ဖြင့် ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ပေါ်လာတော့သည် ။

နောင်အခါ တူရကီနှင့် ဘူလ်ဂေးရီးယားတို့ သည် ဗဟိုလက်နက်နိုင်ငံများ ဘက်မှ ကူညီ၍ အီတလီနှင့် ဂျပန်တို့ သည် မဟာမိတ်နိုင်ငံများ ဘက်မှ ပါဝင်ကူညီလာကြပြန်သည် ။ အစကမူ အီတလီသည် ဩစတြေးလျ၊ ဂျာမနီတို့ နှင့် သုံးပြည်ထောင် မဟာမိတ်အဖွဲ့ဝင် ဖြစ်သော်လည်း ဤအရေးတွင် ဂျာမနီနှင့် ဩစတြေးလျတို့ က ရန်စဖြစ်ခြင်းသည် ဟူ၍ လည်းကောင်း၊ သုံးပြည်ထောင် မဟာမိတ်စာချုပ်အလိုမှာ ထိုနိုင်ငံတို့ အား တာဝန်ရှိသည် ဟူ၍ လည်းကောင်း၊ အကြောင်းပြပြီးသော်လည်း ဗဟိုလက်နက်နိုင်ငံများ ဖြစ်သော ဩစတြေးလျနှင့် ဂျာမနီတို့ ကို အကူအညီမပေးဘဲ မဟာမိတ်နိုင်ငံများ ဖြစ်သော ပြင်သစ်၊ ရုရှား၊ ဗြိတိသျှတို့ နှင့် ပူးပေါင်းသွားလေသည် ။

ဂျာမနီတို့ သည် စစ်မီးမစတင်မီကပင် ဖရက်ဒရစ်သရိတ်လက်ထက်တော်မှ စတင်အသုံးပြုခဲ့သော နည်းစနစ်အတိုင်း တစ်ဖက်မှ ရန်သူများ အသင့်ပြင်ဆင်၍ မပြီးသေးမီ လျှပ်စစ်တိုက်မီးဖြင့် အမြန်အောင်ပွဲယူနိုင်အံ့သောငှာ စစ်မဖြစ်မီ နှစ်ပေါင်းများ စွာကပင် စစ်အစီအစဉ်များကို ကြိုတင်ပြင်ဆင်ထားခဲ့သဖြင့် ဂျာမနီတို့ ၏ စစ်ကြောင်းမှာ မဟာမိတ်များကို မျက်လုံးပြူးသွားစေလေသည် ။

ဂျာမနီစစ်ဗိုလ်ချုပ် ဂျင်နရယ်ဗွန်ရှလီဖင်က ဘယ်လ်ဂျီယန်ကို ဖြတ်ကျော်၍ ပြင်သစ်ကိုတိုက်ရန် စီမံခဲ့၏။ မြောက်ဘက်တောင်ပံ၌ တပ်အင်

အားကိုစုရုံးစေပြီး စစ်တပ်ကို လေးကိုင်းသဏ္ဍာန်ဖြန့်၍ ဘယ်လ်ဂျီယန်နှင့် ပြင်သစ်မြောက်ပိုင်းတို့ ကို ဖြတ်သန်းတိုက်ခိုက်ရန် ဖြစ်၏။

ဤနည်းဖြင့် ပါရီမြို့တော်နှင့် ပြင်သစ်စစ်တပ်များကို ဝိုင်းမိစေသည့် အစီအမံ ဖြစ်လေသည် ။

ပြင်သစ်ပြည်ကို အမြန်ဆုံးအောင်ပွဲဆင်နိုင်ခြင်းဖြင့် ဂျာမန်တပ်များကို အရှေ့ပိုင်းသို့ မီးရထားဖြင့် ဆက်လက်ပို့ဆောင်ကာ ရုရှားကိုဆက်လက်၍ အလဲထိုးတိုက်ခိုက်ရန် ကြံရွယ်ထားလေသည် ။

ဂျာမန်တို့ ၏ စစ်ဆင်ရေးသည် အစီအစဉ်အတိုင်း ဖြစ်လာ၏။ စက်တင်ဘာလ (၅)ရက်နေ့တွင် ဂျာမန်စစ်တပ်ကြီးသည် ပါရီမှ (၁၄)မိုင်အကွာသို့ ရောက်ရှိလာခဲ့လေတော့သည် ။

ပြင်သစ်အစိုးရသည် ပါရီမြို့မှ ဘော်ဒိုးမြို့သို့ ရွှေ့ပြောင်းခဲ့ရသည် ။ သို့သော် ဂျာမန်တပ်များကို မန်းတိုက်ပွဲတွင် အဟု န်တန့်စေခဲ့ပြီး ဗြိတိသျှတို့ က ဝက်ခေါင်းထိုး စစ်ဆင်ခြင်းဖြင့် ဂျာမန်အမှတ်(၁)နှင့် အမှတ်(၂)တပ်မတော်တို့ သည် ဆုတ်ခွာပေးခဲ့ရ၏။ သို့ရာတွင် ဂျာမန်တို့ က အိုင်းမြစ်၏ နောက်ကျော၌ ကတုတ်ကျင်းဖြင့် ခုခံလျက်ပင် ရှိကြသေး၏။

နှစ်ဖက်လုံးက ပင်လယ်ကမ်းခြေကိုလု၍ ချီတက်ကြရာ စစ်ကြောင်းနှစ်ခုလုံးသည် တပ်ဖြန့်လျက် ကတုတ်ကျင်း စစ်ပွဲကိုသာ ဆင်နွှဲနေကြရ၏။ နှစ်ဖက်စလုံးမှာ မလှုပ်သာ၊ မဆုတ်သာ ဖြစ်နေကြသည် ။

ထိုအချိန်တွင် အရှေ့ဘက် စစ်မျက်နှာရှိ ရုရှားစစ်တပ်သည် မူလကမျှော်လင့်ထားသည် ထက် ပိုမိုလျင်မြန်စွာဖြင့် ဘာလင်နှင့် ဗီယက်နာတို့မှာ ပရပ်ရှား အရှေ့ပိုင်းကို ချဉ်းနင်းဝင်ရောက်လာတော့သည် ။

ထို့ကြောင့် ကိုင်ဇာသည် အရှေ့ပိုင်းနယ်မြေကို ကျွမ်းကျင်သူ ဂျင်နရ

ယ်ဟင်ဒင်ဘာ့ခ်အား ပင်စင်ပေးထားပြီးဖြစ်သော်လည်း ထပ်မံအမှုထမ်းစေရန် ဆင့်ခေါ် လိုက်လေသည် ။

ဂျင်နရယ် ဟင်ဒင်ဘာ့ခ်သည် အင်းအိုင်နှင့် ရွှံ့ညွန်များ ထူထပ်သော နယ်မြေတွင် ရုရှားတပ်များကို ထောင်ချောက်ထား၍ တိုက်ခိုက်လေရာ တန်နင်ဘာ့ခ်စစ်ပွဲတွင် ရုရှားစစ်တပ် နှစ်တပ်အနက် တစ်တပ်မှာ လုံးဝ လောက်ပျက် ပြုန်းသွားခဲ့၏။ ကျန်တစ်တပ်မှာ လည်း နောက်သို့ ဆုတ်ခွာရတော့သည် ။

ဩစတြေးလျ စစ်တပ်တို့ လည်း ဆာဗီးယားပြည်၌ တွန်းလှန်တိုက်ခိုက်ခံလိုက်ရ၏။ သို့သော် ရုရှားသည် လင်းဘာ့ခ်နှင့် ဩစတြေးလျပိုင်ပိုလန်ပြည်၏ နယ်မြေအများ အပြားကို သိမ်းပိုက်နိုင်လေသည် ။

၁၉၁၄ ခုနှစ်တစ်လျှောက်လုံးတွင် နှစ်ဖက်သော စစ်တပ်တို့ သည် ရှေ့တိုးနောက်ငင် တက်လိုက်၊ ဆုတ်လိုက်နှင့် ပင် နောက်ဆုံး၌ ရုရှားက ဩစတြီးယားကို ဝင်တိုက်သည် ။ ဂျာမနီကမူ ရုရှားသို့ ထိုးဖောက် ဝင်ရောက်တော့သည် ။

ထိုသို့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေကြချိန်မှာ တူရကီသည် စစ်မကြေညာဘဲ ရုရှားကို ဝင်တိုက်လေသည် ။ ထိုအခါ အင်္ဂလန်နှင့် ပြင်သစ်တို့ က တူရကီကို ချက်ချင်းပင် စစ်ကြေညာလိုက်ကြပြန်သည် ။

၁၉၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒါဒါနယ်ရေလက်ကြားသို့ စေလွှတ်ခဲ့သော ဗြိတိသျှရေတပ်သည် ။ တူရကီတို့ ၏ ခံတပ်များကို မဖြိုခွင်းနိုင်ဘဲ ပြန်လည်ဆုတ်ခွာခဲ့ကြရ၏။ ရုရှားပြည်သို့ ခဲယမ်းမီးကျောက်များကို ထိုရေလက်ကြားမှ ဖြတ်တောက်ပို့ပေးနိုင်မှ သာ ဂျာမန်တို့ ကို ဆက်လက်ခုခံကာကွယ်နိုင်မည်ဖြစ်သည် ။ ထို့ကြောင့် ဒါဒါရေလက်ကြားမှာ အရေးအကြီးဒေသဖြစ်နေ၏။

သို့ဖြင့် နယူးဇီလန်၊ အိန္ဒိယ၊ မြန်မာနှင့် ပြင်သစ်နိုင်ငံများမှ စစ်သားများကို ဗြိတိသျှတို့ က အပူတပြင်း စုဆောင်းကြရတော့သည် ။

ထိုစဉ်က အိန္ဒိယပြည်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မြန်မာပြည်မှ ဗမာများ အပါအဝင် တိုင်းရင်းသားလူမျိုးစုတို့ သည် ပထမကမ္ဘာစစ်ကြီး အတွင်း ပါဝင်လာခဲ့ကြခြင်းဖြစ်သည် ။

"ကြာယုံ၊ အခု ငါတို့ ဘယ်နေရာရောက်နေပြီလဲ"

"ပင်လယ်ထဲရောက်နေတယ်လေကွာ"

လှိုင်းမူးနေသည့် အထဲ ဒီချင်းကလည်း တစ်မျိုး ဟူသော စိတ်မရှည် သံနှင့် ကရင် ကြာယုံက ပြောလိုက်၏။

"ပင်လယ်ထဲရောက်နေတာတော့ မင်းပြောမှ လားကွာ၊ ဒီနေရာက ဘာနဲ့ နီးလဲလို့ မေးတာ"

"ဘာလဲ၊ မင်းက ပင်လယ်ထဲခုန်ချကျန်ခဲ့မလားလို့ မေးတာလား"

"ငါကမင်းလို ရေထဲနေခဲ့တဲ့ သူ မဟုတ်ဘူး ၊ တောင်ပေါ်သားကွ။ ရေမှ မကူးတတ်တာ"

ရဲဘော်ပြောသည် မှာ မှန်၏။

သူက ချင်းပြည်နယ် ကန်ပက်လက်က ဖြစ်သည် ။ ရဲဘော်ဆိုသည် မှာ လည်း စစ်သားရဲဘော် မဟုတ်၊ သူ့နာမည် အရင်းကိုက "ရဲဘော်"ဖြ စ်သည် ။ သူတို့ ၏ မွေးချင်းလေးယောက်တွင် သူကအငယ်ဆုံး ဖြစ်၏။ သူ၏ အကြီးဆုံးအစ်ကိုမှာ "ရဲကျော်"ဖြစ်ပြီး အစ်ကိုလေးမှာ "ရဲလှော်"ဖြ စ်သည် ။ သူ့ကို မိဘနှစ်ပါးက အစ်ကိုများ နှင့် နီးစပ်အောင် "ရဲဘော်"ဟု အမည်ပေးခဲ့ကြ၏။ ထို့ကြောင့် သူသည် စစ်ထဲမဝင်မီကတည်းကပင် "ရဲ ဘော်" ဖြစ်နေ၏။

သူ့အောက် နှမငယ်တစ်ယောက်ကမူ (၁၁)နှစ်အရွယ်တွင် ဆုံးပါးသွားခဲ့၏။ အယူသီးကြသော သူတို့ ၏ တောင်ပေါ် ဓလေ့ထုံးစံအတိုင်း လူပြုစား၍ သေသည် ဟု ယုံကြည်ကြသည် ။ သူသည် သူ့နှမငယ်ကို အလွန်ချစ်သည် ။ ထို့ကြောင့် လည်း သူ့နှမငယ် ဆုံးပါးသွားတော့ သူ အလွန် ပူဆွေးခဲ့ရသည် ။

သူ့နှမငယ်သည် ပြုစားသူအား သူအလွန် နာကြည်းခဲ့သည် ။ ပြုစားသူများကိုသိက လက်စားချေချင်သည် ။ သို့သော် သူ့နှမငယ်ကို ပြုစားသူကို မည်သူမည်ဝါမှန်းမသိ။ ထိုအခါ သူ့နှမငယ်စိတ်နှင့် အရှူးတစ်ပိုင်းလို ဖြစ်နေခဲ့သည် ။

ထိုအချိန်၌ အင်္ဂလိပ်တို့ ကလည်း ပထမကမ္ဘာစစ်တွင် တိုက်ခိုက်ခိုင်းရန် နည်းအမျိုးမျိုးနှင့် စစ်သားစုဆောင်းနေ၏။ စစ်ပြီးသွားလျှင် တပ်ထဲ နေလိုကနေ၊ မနေလိုက နယ်ဘက်ရဲ ဘက်တွင် အမှုထမ်းခွင့်ပေးမည် စသည် ဖြင့် မက်လုံးပေး၍ စည်းရုံးနေကြသည် ။ သူသည် နှမငယ်စိတ်နှင့် စစ်ထဲဝင်ခဲ့သည် ။

မိဘနှစ်ပါးကို မှာ ထားခဲ့၏။ နှမငယ်အား ပြုစားသူကို တိတိကျကျ စုံစမ်းထားနှင့် ။ စစ်ပြီးလျှင် သူပြန်လာလျှင် (သို့) စစ်မြေပြင်မှာ သူမသေမပျောက်ခဲ့လျှင် သူ့နှမငယ်အား ပြုစားသူကို သေနတ်နှင့် ပစ်သတ်မည်၊ လက်စားချေမည်။ သူ့ရည်ရွယ်ချက်မှာ ဒါပဲဖြစ်သည် ။

"အေး - ရေကူးတတ်လည်း ပင်လယ်ထဲ ခုန်ချရင် သေမှာ ပဲ။ ဒီလို ပင်လယ်ကျယ်ကြီး ငါလည်း တစ်ခါမှ မမြင်ဖူးဘူး။ တို့ မြစ်ဝကျွန်းပေါ်က ပင်လယ်မှ မရှိတာ။ ချောင်းတွေ၊ မြစ်တွေပဲ"

ကြာယုံ၏ စကားမှာ လည်း အမှန်ပင်ဖြစ်သည် ။ သူ့အဖို့ မြစ်ဝကျွန်းပေါ်ဆိုသည် မှာ ယခုလို ပင်လယ်ကျယ်ကြီးမဟုတ်။ ယခုမူ အနောက်ဘ

က်နှင့် တောင်၊ မြောက်တို့ တွင် ကမ်းမမြင်လမ်းမမြင် ပင်လယ်သမုဒ္ဒရာကြီး။

အရှေ့ဘက်တွင် တော့ တောင်တန်းလိုလို၊ ကမ်းလိုလို ရိုးတိုးရိပ်တိတ် မြင်လာရသည် ။ အမှန်က သူတို့ သည် ဘင်္ဂလားပင်လယ်အော်ထဲရှိ သင်္ဘောကြီးပေါ်ကို ရောက်နေကြ၏။ တိတိကျကျပြောရလျှင် ရဲဘော်တို့ ချင်းတောင်တန်းကြီးများ နှင့် မျဉ်းပြိုင်သွားနေသော သင်္ဘောကြီးပေါ်က ကန်ပက်လက်၏ အနောက်ဘက်ရှိ သူတို့ ဒေသအခေါ်နတ်တောင် (ခေါနူးသုံ)ကိုပင် ရိုးတိုးရိပ်တိတ် လှမ်းမြင်နေရသော ဘင်္ဂလားပင်လယ်အော်ကြီး တစ်နေရာကို သူတို့ သင်္ဘောကြီး ရောက်နေသည် ။ ရာသီဥတုသာယာချိန်တွင် နတ်တောင်ပေါ်က လှမ်းကြည့်လျှင် ပင်လယ်ထဲတွင် ရွက်လွှင့်သွားလာနေကြသော လှေကြီးများ ၊ မီးသင်္ဘောများ နှင့် နတ်တောင်၏ အနောက်မြောက်ယွန်းယွန်း အိန္ဒိယပြည်ကြီးက မြို့ကြီးတစ်မြို့ကို လှမ်းမြင်ရသည် ဟု မိဘဘိုးဘွားများ ပြောပြခဲ့သည်ကို ရဲဘော်ငယ်စဉ်က ကြားခဲ့ရသည် ။

သို့သော် ယခု သူတို့ သင်္ဘောကြီး ဦးတည်ခုတ်မောင်းနေသော မြို့ကြီးမှာ အိန္ဒိယပြည် ကာလကတ္တား (ကိုးလ်ကတ္တာတား)ဆိုသည် ကို ရဲဘော်မသိ၊ ကြာယုံလည်း မသိ။ ကြာယုံက စစ်တိုက်ချင်သည် ။ စစ်ဝတ်စစ်စားနှင့် စစ်သားဆိုသော ကုလားများကို အားကျ၍ လိုက်လာသူ။ ရဲဘော်ကမူ သူ့နှမလေးစိတ်နှင့် သူ့နှမလေးကိုပြုစားသူအား အကြွေးဆပ်သတ်ဖြတ်ချင်၍ လိုက်လာသူ။ စစ်တိုက်ကြရသည် မှာ လည်း မည်သူတွေနှင့် တိုက်ကြရမည်။ မည်သည့် အရပ်ကို သွားကြရမည်ကိုလည်း သူတို့ မသိ။

ထို့ကြောင့် ချင်းလေး ရဲဘော်က ကရင်လေး ကြာယုံကို မေးရပြန်သ

ည် ။

"ကြာယုံ၊ ငါတို့ ဘယ်သူနဲ့ တိုက်ရမှာ လဲကွ"

"ငါဘယ်သိမလဲကွ"

"မင်းမေးလိုက်ရင် ဘာမှ သိတာ မရှိဘူး"

"မင်းကကော သိလို့ လား"

"ငါကဟိုးအဝေးကြီး တောင်ပေါ်ကလာတာ၊ မင်းက ရန်ကုန်နဲ့ နီးနီးလေးကလူဆိုတော့ သိများ သိမလား လို့ ပေါ့ကွ"

"မသိဘူး။ ငါကစစ်သားလုပ်ချင်လို့ ၊ စစ်တိုက်ချင်လို့ ကို လိုက်လာတာ"

ကြာယုံကလည်း စိတ်ထဲရှိသည့် အတိုင်း အမှန်ပင်ပြော၏။ ဘယ်သူတွေနှင့် စစ်တိုက်ကြရမည်။ မည်သည့် အရပ်တွင် တိုက်ကြရမည်ကို အမှန်လည်း သူတို့ မသိကြချေ။

အင်္ဂလိပ်တို့ ကမူ သူတို့ စစ်တပ်တွေ မဖြိုခွင်းနိုင်သော တူရကီတို့ ၏ ခံတပ်များကို ဖြိုခွင်းပြီး ဂါလီပိုလီကျွန်းဆွယ်ကို သိမ်းပိုက်နိုင်ရန်အတွက် သူတို့ ကို စစ်တိုက်ရန်ခေါ်လာခြင်း ဖြစ်သည် ။ ဒါဒါရေလက်ကြား ပွင့်သွား၍ ဂါလီပိုလီ ကျွန်းဆွယ်ကို သိမ်းပိုက်ထားနိုင်မှ ခဲယမ်းမီးကျောက်များ ပြတ်လတ်နေသော ရုရှားတို့ ဆီ ခဲယမ်းမီးကျောက်များ အကူအညီပေးနိုင်မည် ဖြစ်၏။

ဤဒါဒါရေလက်ကြားမှာ လောလောဆယ်၌ အရေးအကြီးဆုံး အဓိကရေလက်ကြား ဖြစ်သည် ။ ထို့ကြောင့် ဒါဒါရေလက်ကြားကို ပွင့်သွားစေရန် ဂါလီပိုလီကျွန်းဆွယ်ကို ဝိုင်းဝန်းတိုက်ခိုက်ကြပြန်သည် ။ ဤသည် ကို သိထားသော တူရကီတို့ ကလည်း အင်္ဂလိပ်တို့ ၏ တိုက်ခိုက်မှုကို

ရေကုန်ရေဖျား ခုခံကာကွယ်ထားသည် ။ အင်္ဂလိပ်တို့ သည် မဟာမိတ်များ အကူအညီနှင့် ဤရေလက်ကြားရရှိရေးကို သုံးကြိမ်သုံးခါ သဲကြီးမဲကြီး တိုက်ခိုက်ခဲ့ကြ၏။

ဂျာမန်တို့ ဦးဆောင်သော တူရကီတို့ ကလည်း အပြင်းအထန် ခုခံကာကွယ်နေကြရာ ရေလက်ကြားက ပိတ်မြဲပိတ်နေသည် ။ ထိုအခါ ရုရှားတို့ အဖို့ ရေလက်ကြားကို အခြေပြု၍ မဟာမိတ်တို့ ထံမှ ခဲယမ်းမီးကျောက်ကို ရစရာလမ်း မရှိတော့ပေ။

စစ်ဖြစ်ခါစကဆိုလျှင် ဂျာမနီတွင် တိုက်သင်္ဘောကြီး (၈)စင်းနှင့် အခြားအများ အပြားပင် တိုင်းတစ်ပါးဆိပ်ကမ်းများ သို့ ခရီးလွန်လျှင် ရောက်ရှိနေကြ၏။ စစ်ဖြစ်လျှင်ဖြစ်ချင်း ထိုသင်္ဘောများကို ပင်လယ်သို့ စေလွှတ်ပြီး မဟာမိတ်ဆိပ်ကမ်းမြို့များ ၊ သွားလာလှုပ်ရှားနေသော ရန်သူသင်္ဘောများကို နှစ်မြှုပ်ဖျက်ဆီးစေခဲ့သည် ။

ဂျာမန် ရေကြောင်းဗိုလ်ချုပ် ဦးစီးသော စစ်သင်္ဘောများမှာ အင်္ဂလိပ်ရေတပ်၏ တိုက်ခိုက်ချေမှုန်းခြင်းကို ခံရ၏။ ၁၉၁၆ ခုနှစ်၊ မေလမတိုင်မီအထိ ဂျာမန်တို့ သည် အင်္ဂလိပ်ရေတပ်ကို မြောက်ဘက်ပင်လယ်ပြင်တွင် ရင်ဆိုင်နိုင်ခြင်း မရှိခဲ့ကြပေ။

ဂျူလင် ရေကြောင်းစစ်ပွဲတွင် အင်္ဂလိပ်ရော ဂျာမန်တို့ ပါ နှစ်ဖက်စလုံး အထိနာကြသည် ။ အင်္ဂလိပ်က ဂျာမန်တို့ ထက် နှစ်ဆပို၍ ဆုံးရှုံးရသော်လည်း ထိုအချိန်မှ စ၍ ဂျာမန်တို့ သည် အင်္ဂလိပ်ရေတပ်ကို ထပ်မံရင်ဆိုင် မတိုက်ကြတော့။ ဂျာမန်တို့ သည် ရေကြောင်းတိုက်ခိုက်မှုတွင် ရေငုပ်သင်္ဘောကို အသုံးပြုခြင်းနှင့် မိုင်းဗုံးမြှုပ်ခြင်းတို့ ကိုသာ အသုံးပြုလာကြလေသည် ။

ထိုအချိန် ၁၉၁၅ ခုတွင် အီတလီသည် မဟာမိတ်တို့ ဘက်မှ နေ၍ စ

စ်ထဲသို့ ဝင်ရောက် လာလေသည် ။ အီတလီမှာ စစ်ထဲပါဝင်လာသည် ဆိုသော်လည်း သူ၏ အဓိက ဆောင်ရွက်ချက်မှာ ပြင်သစ်ပြည်အား ယင်း၏ တောင်ဘက်နယ်နမိတ်ကို ကာကွယ်မည့် တာဝန်နှင့် လဲလှယ်၍ ယူပေးထားခြင်းဖြစ်သည် ။ သို့သော် ပြင်သစ်အား အပိုအလျှံရှိသမျှ စစ်သားများကို ဂျာမန် စစ်မျက်နှာ၌ စုပြုံ၍ သုံးစေခဲ့ပြန်သည် ။

ဩစတြေးလျပြည် အဖို့ မှာ မူ မိမိနိုင်ငံကိုကောင်းစွာ ခုခံကာကွယ်ထားနိုင်သေး၏။

ဂျာမန်နှင့် ဩစတြီးယားတို့ ၏ ပူးပေါင်းထားသော အင်အားစုက ရုရှားကိုသာမဲ၍ တိုက်ခိုက်နေကြသည် ။ ရုရှားအဖို့ မှာ လည်း ခဲယမ်းမီးကျောက်တို့ နှင့် လက်နက်တို့ ချို့တဲ့ နေသည် ။ ထို့ကြောင့် ရုရှားတပ်များ သည် နောက်ကို ဆုတ်ပေးလိုက်ကြရသည် ။ ထိုအခါမှာ ရုရှားတို့ သည် သူတို့ ၏ စစ်စခန်းများကို ပြန်လည်၍ အခိုင်အမာ ပြုလုပ်ကြရသည် ။

******